Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၃၂)　　　　နေ့စွဲ။ ၂၂.၄.၂၀၁၅ (အင်္ဂါနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၂၂.၄.၁၅ | 7 Day Daily No (864) p (5) | ဒေါ်အောင်ဆန်းစုကြည် | **ဒီချုပ်နှင့်တပ်မတော်ကြား သံသယများဖယ်ရှားပြီး ဒီမိုကရေစီအရေး ပူးပေါင်းဆောင်ရွက်လိုကြောင်း ဒေါ်စုပြော**<br>NLD နှင့် တပ်မတော်အကြား သံသယများ ဖယ်ရှားပြီး ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေး အပြန်အလှန် ယုံကြည်လေးစားစွာဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှတစ်ဆင့် စက်တင်ဘာ ၂၁ ရက်တွင်ပြောသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် တပ်မတော်၏ကဏ္ဍမှာ အဓိကဖြစ်ပြီး တပ်မတော်၏အမြင်နှင့် အဖွဲ့ချုပ်၏အမြင်မှာ တစ်ထပ်တည်း မကျသော်လည်း ပြည်ထောင်စုတည်ငြိမ်ရေးကို လိုလားမှုတွင် ကွဲပြားခြားနားမှုမရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ရွေးကောက်ပွဲတွင် ထွက်ပေါ်လာမည့် ပြည်သူ့ဆန္ဒကို လေးစားကာကွယ်ရေးများ အပါအဝင် နိုင်ငံ၏ကံကြမ္မာဖန်တီးရေးနှင့် ပတ်သက်သည့်ကိစ္စများတွင် ပြည်သူနှင့် တပ်မတော် တစ်သားတည်းရှိရန် လေးလေးနက်နက်လိုကြောင်း ဆက်ပြောသည်။<br>သတင်းအဖွဲ့ |
| ၂ | ၂၂.၄.၁၅ | Daily Eleven Pg (2) | ဒေါ်အောင်ဆန်းစုကြည် | **အဖွဲ့ချုပ်အား အစိုးရတာဝန်ထမ်းဆောင်နိုင်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပေးစေလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ထည့်သွင်းပြော**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၂၁ ရက်နေ့က မြန်မာ့အသံနှင့် ရုပ်မြင့်သံကြားမှ မိန့်ခွန်းဟောပြောခဲ့သည်။ လာမည့် ရွေးကောက်ပွဲကြီးမှတစ်ဆင့် ပြည်သူများက အဖွဲ့ချုပ်ကို အစိုးရတာဝန်ထမ်းဆောင်နိုင်ရန်ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပေးစေချင်ကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ တာဝန်ထမ်းဆောင်ခွင့်ရခဲ့လျှင် အမျိုးသားရင်ကြားစေ့ရေး၊ သဟဇာတဖြစ်ရေး၊ အာဃာတကင်းစင်ရေးမှုများကို အစဉ်တစိုက်နလုံးသွင်းပြီး ပြည်သူများ၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် |

| | | | | |
|---|---|---|---|---|
| | | | | မည်သည့်အခါမျှ တိုင်းပြည်နှင့် ပြည်သူထိခိုက်နစ်နာအောင် မလုပ်ခဲ့ကြောင်း၊ ပြည်တွင်းစစ်ရပ်စဲသွားရန်အတွက် အဆင့် (၃) ဆင့်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပထမအဆင့်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပပြီး ညှိနှိုင်းအဖြေရှာရေး၊ တတိယအဆင့်အနေဖြင့် ပင်လုံအခြေခံမူဖြစ်သည့် တန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် စသည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေကအာမခံရေးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တပ်မတော်အခန်းကဏ္ဍနှင့် ပတ်သက်၍လည်း အဖွဲ့ချုပ်အမြင်နှင့် တပ်မတော်အမြင်သည် တစ်ထပ်တည်းမဟုတ်သော်လည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး၏ အနာဂတ်တည်ငြိမ် တောက်ပရေးကို လိုလားသည့်နေရာတွင် တပ်မတော်နှင့် မိမိတို့အကြား လုံးဝကွဲပြားမှုမရှိဟု ယုံကြည်ကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။<br>ဆန်းထူးအောင် |
| ၃ | ၂၂.၉.၁၅ | Daily Eleven Pg (16, 17) | ဒေါ်အောင်ဆန်းစုကြည် | **NLD အစိုးရဖြစ်ပါက မြစ်ဆုံစီမံကိန်းအပါအဝင် စီမံကိန်းများကို လူထုအား ပွင့်လင်းမြင်သာစွာချပြ၍ မည်သည့်ဆုံးဖြတ်ချက်ချမည်ဆိုသည်ကို ဆုံးဖြတ်မည်ဟု ဒေါ်အောင်ဆန်းစုကြည်ပြော**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနေဖြင့် အစိုးရဖွဲ့နိုင်ပါက မြစ်ဆုံးစီမံကိန်းအပါအဝင် စီမံကိန်းများကို လူထုအား ပွင့်လင်းမြင်သာစွာချပြ၍ ဆုံးဖြတ်ချက် ချသွားမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၂၁ ရက်နေ့က ကော့မှူးမြို့နယ်ရှိ မဆယ်ဆိပ်ကျေးရွာ၌ပြုလုပ်သည့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး ဟောပြောပွဲတွင် ပြောကြားလိုက်သည်။ ဒေသခံတစ်ဦးမှ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်၍ မေးမြန်းမှုအား ဒေါ်အောင်ဆန်းစုကြည်က မြစ်ဆုံစီမံကိန်း၏ အဓိကပြဿနာဇစ်မြစ်မှာ ပွင့်လင်းမြင်သာမှု မရှိခြင်းပင်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ မည်သည့်ကတိကဝတ်များ ချုပ်ထားသည်ဆိုသည်ကို ယခုအချိန်ထိ နိုင်ငံသူ၊ နိုင်ငံသားများ မသိရှိသေးကြောင်း၊ အဖွဲ့ချုပ်အနေဖြင့် အစိုးရဖွဲ့နိုင်ပါက ပြည်သူလူထုအား ပွင့်လင်းမြင်သာစွာချပြပြီး ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။<br>အောင်ဇော်ထွန်း၊ မျိုးမင်းထက် |
| ၄ | ၂၂.၉.၁၅ | The Voice Daily Vol.3 No.143 Pg (7) | တပ်မတော် | **ကြံ့ခိုင်ရေးပါတီကိုသာမက တပ်မတော်ကို အကောင်းမြင်သာပါတီများစွာရှိဟုဆို**<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသာမက တပ်မတော်အပေါ် အကောင်းမြင်သော ပါတီများစွာရှိသည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၁ ရက်နေ့က နေပြည်တော်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ဘုရင့်နောင်ရိပ်သာတွင် မီဒီယာများနှင့်တွေ့ |

| | | | | |
|---|---|---|---|---|
| | | | | ဆုံစဉ်ပြောသည်။ တပ်မတော်အား အကောင်းမြင်ကြောင်းကို တခြားပါတီများမှ မိမိအား ပုဂ္ဂိုလ်ရေးအရ ပြောဆိုသည်ဟု ၎င်းက ဆိုသည်။ ယင်းကြောင့် ရွေးကောက်ပွဲတွင် အနိုင်ရလာသည့်ပါတီသည် တပ်မတော်အပေါ် နားလည်မှုရှိသောပါတီဖြစ်စေလိုသည်ဟု ပြောခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောသည်။ |
| ၅ | ၂၂.၉.၁၅ | 7 Day Daily No (864) p (1,2) | တပ်မတော် | **တပ်မတော်က အာဏာပြန်သိမ်းရန် အစီအစဉ်လုံးဝမရှိဟုဆို**<br>ရွေးကောက်ပွဲနှင့် ပတ်သက်၍ အာဏာပြန်သိမ်းရန် အစီအစဉ်လုံးဝမရှိကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၁ ရက်တွင် ပြုလုပ်သည့် မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲတွင်ပြောသည်။ တပ်မတော်သည် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်လိုလားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အာဏာသိမ်းမည်ကို လိုလားခြင်း မရှိကြောင်း မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စာနယ်ဇင်းကောင်စီ (ယာယီ)၊ မီဒီယာများ နေပြည်တော်တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစ္စရေးခရီးစဉ်၊ ရေဘေးကယ်ဆယ်ရေး၊ ငြိမ်းချမ်းရေးနှင့် စစ်ဘက်ရေးရာ အသုံးအနှုန်းများ မှန်ကန်စွာ ရေးသားဖော်ပြနိုင်ရေး စသည့်ကိစ္စရပ်များကို ပြောကြားခဲ့သည်။<br>အောင်ခိုင် |
| ၆ | ၂၂.၉.၁၅ | 7 Day Daily No (864) p (2) | တပ်မတော် | **တပ်မတော်သားများကို အရပ်ဘက်သို့ ပြောင်းရွှေ့ခန့်ထားခြင်းသည် ဥပဒေနှင့်ညီညွတ်ပြီး အမှန်တကယ်လိုအပ်မှသာ စေလွှတ်မည်ဟု တပ်ချုပ်ပြော**<br>တပ်မတော်သားများကို အရပ်ဘက်ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်အပ်ထားခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ပြီး နောင်တွင်သတိထားကာ အမှန်တကယ်လိုအပ်မှသာ ယင်းကဲ့သို့ ခန့်အပ်မည်ဖြစ်ကြောင်း နိုင်ငံ့ဝန်ထမ်း ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်မှ စက်တင်ဘာ ၂၁ ရက်နေပြည်တော်တွင် ပြုလုပ်သည့် တပ်မတော်သတင်းအမှန် ပြန်ကြားရေးအဖွဲ့နှင့် စာနယ်ဇင်းကောင်စီ (ယာယီ)၊ မီဒီယာများ တွေ့ဆုံပွဲတွင်ပြောသည်။ ဝန်ကြီးဌာနများ လိုလားချက်နှင့် ကာယကံရှင်များဆန္ဒအရ တောင်းဆိုမှုများရှိခဲ့ပြီး တပ်မတော်က ဆောင်ရွက်နိုင်ခြေ ရှိ၊ မရှိ ဦးစွာစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့တင်ပြကာ သဘောတူညီချက်ရရှိမှသာ အပြောင်းအရွှေ့ ဆောင်ရွက်ပေးမည်ဟု ပြောသည်။<br>အောင်ခိုင် |

| | | | | |
|---|---|---|---|---|
| ၇ | ၂၂.၉.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၈၁၀) P (3) | တပ်မတော် | **အမျိုးသမီးသမ္မတ နိုင်ငံကိုဦးဆောင်ပါက မိမိအနေဖြင့်ကြိုဆို ကြောင်း တပ်ချုပ်ပြော**<br>အမျိုးသမီးတစ်ဦးက သမ္မတအဖြစ် နိုင်ငံကို ဦးဆောင်မည်ဆိုပါက မိမိအနေဖြင့် ကြိုဆိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၁ ရက်ကပြောသည်။ လာမည့်ရွေးကောက်ပွဲတွင် အဓိကအတိုက်အခံပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အနိုင်ရဖွယ်ရှိသော်လည်း ပါတီဥက္ကဋ္ဌ မြန်မာ့နိုင်ငံရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရာထူး ထမ်းဆောင်ခွင့်မရှိပေ။ သို့သော် နိုင်ငံခေါင်းဆောင်တာဝန်ကို ထမ်းဆောင်သူမှာ အမျိုးသားပင်ဖြစ်စေ၊ အမျိုးသမီးပင်ဖြစ်စေ မိမိအနေဖြင့် ၎င်းတို့ကိုကြိုဆိုကြောင်း၊ မိခင်များ ကျွေးမွေးစောင့်ရှောက်မှုကြောင့်သာ ယခုအခြေအနေသို့ မိမိတို့ရောက်ရှိခြင်းဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်မှဆိုသည်။ တပ်မတော်အဆင့်မြင့်ရာထူးများတွင်လည်း အမျိုးသမီးများကို မိမိတို့ခန့်အပ်ထားကြောင်း၊ အမျိုးသမီးများတွင်လည်း အရည်အချင်းကောင်းစွာရှိသည်ကို မိမိတို့နားလည်ထားကြောင်း ဆိုသည်။<br>AFP |
| ၈ | ၂၂.၉.၁၅ | 7 Day Daily No (864) p (3) | USDP | **ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်များ ဓမ္မာရုံများတွင် မဲဆွယ်မှု ဒီချုပ်တိုင်မည်**<br>ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် ယှဉ်ပြိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းများက ဘာသာရေးအဆောက်အအုံများတွင် မဲဆွယ်စည်းရုံးသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ခရမ်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်ကြားမည်ဖြစ်သည်။ မဲဆွယ်စည်းရုံးရာတွင် ဘာသာရေးအဆောက်အအုံများနှင့် ဘုန်းကြီးကျောင်းများတွင် မပြုလုပ်ရန် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကော်မရှင်အဖွဲ့ခွဲက လမ်းညွှန်ထားပြီး မလိုက်နာလျှင် အရေးယူခံရမည်ဖြစ်ကြောင်းပြောသည်။ ခရမ်းမြို့နယ်ရှိ မဲဆန္ဒနယ်များတွင် ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများက ကျေးရွာ ၁၆ ရွာတွင် မဲဆွယ်စည်းရုံးရန် စုဝေးဟောပြောခွင့်တင်ရာ ၁၅ ရွာတွင် ဓမ္မာရုံများဖြစ်ပြီး ခရမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကလည်းခွင့်ပြုခဲ့သည်။ ပြည်ခိုင်ဖြိုး အထွေထွေအတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်းအပါအဝင် ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်ဟောင်းများက စက်တင်ဘာ ၂၀ ရက်တွင် ကွမ်းလျှာရိုးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် မဲဆွယ်ဟောပြောခဲ့ကြောင်း ဒေသခံတစ်ဦးက အတည်ပြုပြောသည်။<br>နန္ဒ |

| | | | | |
|---|---|---|---|---|
| ၉ | ၂၂.၉.၁၅ | 7 Day Daily No (864) p (4) | ငြိမ်းချမ်းရေး | **တပ်မတော်နှင့် ကေအိုင်အေတိုက်ပွဲပြန်ဖြစ် စစ်ဘေးရှောင်ဒုက္ခသည် ၂၀၀ ကျော် ရှိလာ**<br>ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် မန်စီမြို့နယ်ရှိ ကေအိုင်အေ တပ်မဟာ (၃) နယ်မြေတွင် အစိုးရတပ်နှင့် ကေအိုင်အေ တို့ကြား တိုက်ပွဲပြန်လည်ဖြစ်ပွားနေမှု လေးရက်ကြာမြင့်လာချိန်တွင် မန်စီမြို့သို့ ထွက်ပြေးလာသည့် ဒုက္ခသည်အရေအတွက် ၂၀၀ ကျော်ရှိနေပြီဖြစ်သည်။ စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် လိုက်တာဖွပ်ရာ ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားမှု တစ်နာရီခန့် ကြာမြင့်ခဲ့ကြောင်း ကေအိုင်အေ တပ်မဟာ (၃) မှ ကေအိုင်အေ အရာရှိတစ်ဦးက ပြောသည်။ စစ်ဘေးဒုက္ခသည်များသည် လက်ရှိတိုက်ပွဲဖြစ်ပွားနေသော လိုက်တာ၊ မုန်းဒိန်ပါကျေးရွာအနီးမှ ဖွပ်ရာ၊ ဖဂရာ၊ ကောင်းခါးပါ စသည့်ကျေးရွာများမှဖြစ်ပြီး မိုင်းခေါင်ဒုက္ခသည်စခန်းတွင် ရောက်ရှိနေထိုင်လျက်ရှိသည်။ ဂျေရှန်ကျေးရွာရှိ အစိုးရမူလတန်းကျောင်းလည်း ပိတ်လိုက်ရပြီး စစ်ဘေးရှောင်ဒုက္ခသည်များသည် ယခုချိန်ထိ အခက်ခဲများ ရှိနေသေးသည်။<br>မရန် (မြစ်ကြီးနား) |
| ၁၀ | ၂၂.၉.၁၅ | 7 Day Daily No (864) p (5) | ငြိမ်းချမ်းရေး | **အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ငြိမ်းချမ်းရေးလှုပ်ရှားသူ တစ်ရာကျော်က အချက်လေးချက်ကို တောင်းဆို**<br>အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ချီတက်လမ်းလျှောက်လှုပ်ရှားမှုကို ငြိမ်းချမ်းရေးလှုပ်ရှားသူ တစ်ရာကျော်က **"တစ်နိုင်ငံလုံး ငြိမ်းချမ်းလွတ်လပ်"** အမည်ဖြင့် စက်တင်ဘာ ၂၁ ရက်က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့ပြီး အချက်လေးချက်ကို ကြေညာချက်ထုတ်ပြန် တောင်းဆိုခဲ့သည်။ ယင်းအချက်လေးချက်မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရန်၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်တွင် နိုင်ငံရေးအင်အားစုများ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ ပါဝင်နိုင်ရန်၊ ပုဒ်မအမျိုးမျိုးဖြင့် ဖမ်းဆီးထားသော နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောင်းသားများ၊ လူငယ်များနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန်တို့ဖြစ်သည်။ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို သက်ဆိုင်ရာအာဏာပိုင်များက ဗဟန်းပိုလ်စိန်မှန်ကွင်းမှ လူထုဟစ်တိုင်အထိသာ ချီတက်လမ်းလျှောက်ခွင့် ပြုထားသော်လည်း လမ်းလျှောက်သူများက မြေနီကုန်းမှ အင်းလျားကန်ပေါင်အထိ လမ်းလျှောက်မှုများ ပြုလုပ်ခဲ့ကြသည်။ အင်းလျားကန်ပေါင်တွင် ငြိမ်းချမ်းရေးသီချင်းများ သီဆိုခဲ့ပြီး ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များဖြစ်သော ဦးမင်းကိုနိုင်နှင့် ဦးမြအေးတို့ကလည်း ငြိမ်းချမ်းရေးစကားများ ဟောပြောခဲ့ |

| | | | | |
|---|---|---|---|---|
| | | | | သည်။ ယင်းငြိမ်းချမ်းရေးနေ့ အခမ်းအနားကို ထားဝယ်မြို့နှင့် တောင်ကြီးမြို့တို့တွင်ပါ ပြုလုပ်ကျင်းပခဲ့သည်။ ငြိမ်းချမ်း |
| ၁၁ | ၂၂.၉.၁၅ | 7 Day Daily No (864) p (2) | NLD | **မဘသ က ဒီချုပ်ကို တိုက်ခိုက်သည့် လက်ကမ်းကြော်ငြာများ လိုက်ဝေနေဟု ဒီချုပ်ခေါင်းဆောင်ပြော**<br>အမျိုးသမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ထိခိုက်စေသည့် အကြောင်းအရာများပါဝင်သော လက်ကမ်းကြော်ငြာများကို ပြည်နယ်နှင့် တိုင်းဒေသကြီးငါးခုတွင် မဘသ က ဦးဆောင်ကာ လိုက်လံဖြန့်ဝေနေသည်ဟု ကော်မရှင်သို့ တိုင်ကြားသော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း NLD အဖွဲ့ချုပ်မှ ခေါင်းဆောင်အချို့ကပြောသည်။ ယင်းသို့ ဝေငှမှုများသည် ဧရာဝတီတိုင်းဒေသကြီး တစ်ခုတည်းမဟုတ်ဘဲ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူးတုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များပါဝင်ကြောင်း ဦးဝင်းထိန်က ပြောသည်။ ရွေးကောက်ပွဲတွင် လိုက်နာရန် ကော်မရှင်က ထုတ်ပြန်သည့် ညွှန်ကြားချက်တွင် ဘာသာရေးကိုခုတုံးလုပ်၍ မဲဆွယ်ခြင်းမပြုရန် ပါရှိသော်လည်း နိုင်ငံရေးနှင့်သက်ဆိုင်မှုမရှိသည့် အဖွဲ့အစည်းများက ဆောင်ရွက်နေခြင်းကို တားမြစ်ခြင်းမရှိကြောင်း ၎င်းကပြောသည်။<br>မင်းဟိန်းကျော် |
| ၁၂ | ၂၂.၉.၁၅ | Daily Eleven Pg (2, 3) | NLD | **NLD အနေဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်းမျိုး ပြုလုပ်မည်မဟုတ် ဟု ဒေါ်အောင်ဆန်းစုကြည်ပြော**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်းမျိုးပြုလုပ်မည် မဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က စက်တင်ဘာ ၂၁ ရက်နေ့က ကော့မှုးမြို့နယ် အဖြောက်ကျေးရွာရှိ ဒေသခံများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ နိုင်ငံရေးနှင့်ပတ်သက်၍ အားနာ၍မရကြောင်း၊ နိုင်ငံရေးဆိုသည်မှာ မူအရလုပ်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အချုပ်အနေဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေးလုပ်ငန်းများတွင် မည်သူ့ကိုမျှ အားနာမည်မဟုတ်ကြောင်း၊ ယင်းသို့ အားမနာဟုပြောခြင်းသည်လည်း အောက်တန်းကျသည့် နည်းလမ်းများဖြင့်စည်းရုံးမည်ဟု ပြောဆိုခြင်းမဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ ပြည်သူတစ်ဦးချင်းစီ၏မဲများသည် များစွာအရေးကြီးကြောင်း၊ မဲတစ်ပြားကို ထိရောက်စွာ နိုင်ငံအကျိုးအတွက်သုံးဆောင်နိုင်ရန် များစွာအရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မဲပေးနိုင်ခွင့်ရအောင် ပထမဦးစွာ မိမိကိုယ်တိုင် ကြိုးစားရမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။<br>အောင်ဇော်ထွန်း၊ မျိုးမင်းထက် |

| | | | | |
|---|---|---|---|---|
| ၁၃ | ၂၂.၉.၁၅ | Daily Eleven Pg (5) | NLD | **မဲစာရင်းမှားယွင်းမှုမှတစ်ဆင့် ရွေးကောက်ပွဲဆူပူမှုဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းလောဟု NLD မေးခွန်းထုတ်**<br>အသစ်ထပ်မံထုတ်ပြန်သည့် မဲစာရင်းတွင် မှားယွင်းကျန်ရှိခဲ့မှုများသည် ရွေးကောက်ပွဲ၌ မဲပေးခွင့်နှင့် ပတ်သက်၍ ပြဿနာဖြစ်ပေါ်ကာ ဆူပူမှုဖြစ်ပေါ်အောင်လုပ်ခြင်းလားဟု မေးခွန်းထုတ်ရမည့် အခြေအနေဖြစ်ကြောင်း NLD ဗဟိုအောင်နိုင်ရေးအဖွဲ့ဝင် ဦးဝင်းထိန်က စက်တင်ဘာ ၂၁ ရက်နေ့က မြေနီကုန်း ပန်းခြံလမ်းတိုက်အမှတ် ၁၅ ပထမထပ်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ မဲစာရင်းမှန်ကန်ရေးကို ၃၀ ရာခိုင် နှုန်းသာတာဝန်ယူကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ ပြောဆိုမှုသည် တာဝန်မဲ့ရာရောက်ပြီး မဲစာရင်းမှားယွင်းမှုကြောင့် NLD ပါတီ၏ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် စိုးရိမ်ဖွယ်ရှိကြောင်း ၎င်းကပြောသည်။ ဦးဉာဏ်ဝင်းက မိမိတို့အနေဖြင့် မဲစာရင်းနှင့်ပတ်သက်၍ ကော်မရှင်ထံ လိုအပ်သည်များကို တင်ပြမည်ဖြစ်ကြောင်းနှင့် တင်ပြ၍မရပါက အခြားနည်းလမ်းတစ်ခုဖြစ်သည့် ပါတီမဲရုံကိုယ်စားလှယ်များထံ အမှားအယွင်းမဲစာရင်းအားအပ်ထားပြီး မဲပေးချိန်တွင် စိစစ်မှုများပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။<br>ကျော်ဇင်ဝင်း |
| ၁၄ | ၂၂.၉.၁၅ | Democracy Today အတွဲ (၂) အမှတ် (၂၅၅) p (22) | ဗမဗ | **မန္တလေးမြို့တွင် မျိုးစောင့်ဥပဒေ အောင်ပွဲပြုလုပ်ရာ နီးစပ်ရာမြို့နယ်များမှ ရဟန်းသံဃာနှင့် ပြည်သူများ တက်ရောက်**<br>မျိုးစောင့်ဥပဒေအောင်ပွဲ စီတန်းလှည့်လည်ခြင်းကို မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ၃၈ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားရှိ မဟာအောင်မြေမြို့နယ် ဘောလုံးကွင်း တွင် စုဝေးကာ စက်တင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့သည်။ မျိုးစောင့်ဥပဒေအောင်ပွဲတွင် မန္တလေးမြို့သာမက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ္တရာ၊ ပျော်ဘွယ်၊ ကျောက်ဆည်၊ ရမည်းသင်း၊ ပြင်ဦးလွင်၊ နွားထိုးကြီး၊ မြင်းခြံ စသည့်မြို့များအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များမှလည်း လူဦးရေထောင်ကျော်လာရောက်ခဲ့သည်။<br>AXE |
| ၁၅ | ၂၂.၉.၁၅ | The Voice Daily Vol.3 No.143 Pg (1,4) | Other | **စံချိန်တင်မူးယစ်မှု ခေါင်းဆောင်အိမ်မှ စိတ်ကြွဆေးပြား သန်းချီတွေ့**<br>ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ၁၁၀ ရပ်ကွက်၊ ဂန္ဓမာလမ်းရှိ KALADANDELTA DEVELOPMENT ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက် ဦးမင်းဦးခိုင်၏ နေအိမ်ကို သက်ဆိုင်ရာမှ စက်တင်ဘာ ၂၁ ရက်က ဝင်ရောက်ရှာဖွေခဲ့ရာမှ စိတ်ကြွဆေးပြားနစ်သန်းခန့်နှင့် ဖန်စီ ဒိုင်းပုလင်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်ဟု သိရသည်။ |

| | | | | |
|---|---|---|---|---|
| | | | | ဦးမင်းဦးခိုင်သည် ဇေကဗ္ဗာဝင်းအတွင်းမှ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများအမှုနှင့် ပတ်သက်ဆက်နွယ်မှုရှိနေပြီး တရားခံပြေးအဖြစ် ထုတ်ပြန်ကြေညာခဲ့ရာမှ စက်တင်ဘာ ၁၅ ရက်နေ့က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ၎င်းကိုယ်တိုင် ထိုင်းနိုင်ငံ မဲဆောက်မှ မြဝတီသို့ ကိုယ်တိုင်လာရောက်အဖမ်းခံခြင်းဖြစ်ပြီး ၎င်းကို ရန်ကုန်သို့ ခေါ်ဆောင်စစ်ဆေးရာမှ ၎င်းပိုင်ဆိုင်သည့်နေအိမ်တွင် စိတ်ကြွဆေးပြားနှင့် ဖန်စီဒိုင်းပုလင်းများကို ထပ်မံသိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ |

## ONLINE NEWS

### MILITARY

#### တပ်မတော်က အာဏာသိမ်းဖို့ လုံးဝ မရှိ

22.9.2015 Kamayut Media

ရွေးကောက်ပွဲတွင်အတိုက်အခံဒီမိုကရေစီပါတီအနိုင်ရခဲ့လျှင်တပ်မတော်မှအာဏာသိမ်းမည်ဆိုသည့်ခန့်မှန်းပြောဆိုချက်များနှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ **အာဏာသိမ်းမည့် အစီအစဉ်မျိုး လုံးဝမရှိ**ဟုစက်တင်ဘာ၂၁ရက်နေ့ မြန်မာ သတင်းမီဒီယာများ နှင့် တွေ့ဆုံချိန်တွင် ပြောဆိုခဲ့ သည်။ တပ်မတော် သည် စည်း ကမ်းနှင့်  ဖွဲ့စည်းထားပြီး စည်းကမ်းကို အခြေခံပြီး လုပ်ရသည့်  အဖွဲ့အစည်းဖြစ်ကာ၊ ကြီးမားသည့် Institutionလည်းဖြစ်သောကြောင့်စည်းကမ်းနှင့် အညီ သွားရန်သာ လိုလားကြောင်း ။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဌာန်းချက် အတိုင်းသာ သွားမည် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲသည် ဥပဒေနှင့် ညီညွတ်သည်၊ တရားသဖြင့် ဖြစ်သည်ဟု ကော်မရှင်မှဆိုခဲ့လျှင်တပ်မတော် အနေဖြင့် လက်မခံနိုင်စရာ အကြောင်းမရှိဟု  ဗိုလ်ချုပ်မှူးကြီး မှပြောကြားသွားသည်။( မျိုးမြတ်ဇော်/ကမာရွတ်မီဒီယာ)

http://7daydaily.com/story/46936

http://www.bbc.com/burmese/burma/2015/09/150921_myanmar_general_news_release

#### တပ်မတော်သားများကို အရပ်ဘက်သို့ ပြောင်းရွှေ့ခန့်ထားခြင်းသည် ဥပဒေနှင့် ညီညွတ်ပြီး အမှန်တကယ်လိုအပ်မှသာ ထပ်မံစေလွှတ်မည်ဟု တပ်ချုပ်ပြောကြား

**22.9.2015**

တပ်မတော်သားများကိုအရပ်ဘက်ဂန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်အပ်ထားခြင်းသည် ဥပဒေနှင့် အညီ ဆောင်ရွက်ခြင်းသာဖြစ် ပြီး နောင်တွင် သတိထား၍ အမှန်တကယ် လိုအပ်မှု  ရှိမှသာ ယင်းကဲ့သို့ ဆောင်ရွက် မည်  ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက် တပ်မတော်သတင်းအမှန် ပြန်ကြားရေးအဖွဲ့ နှင့် စာနယ်ဇင်း ကောင်စီ (ယာယီ)၊  မီဒီယာများ တွေ့ဆုံပွဲ၌ ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင်မှ ထည့်သွင်းပြောကြားခဲ့သည်။ဂန်ကြီးဌာနများလိုလားချက်နှင့် ကာယကံရှင်များဆန္ဒအရ တောင်းဆိုမှုများရှိခဲ့ပြီးတပ်မ တော်က ဆောင်ရွက်နိုင်ခြေ ရှိ၊ မ ရှိ ဦးစွာစိစစ်ပြီးနောက် ပြည်ထောင်စုရာထူးဂန်အဖွဲ့မှဆက်လက်စိစစ်ကာအစိုးရအဖွဲ့သို့တင်ပြ၍သဘောတူညီချက်ရှိမှအပြောင်းအရွှေ့ဆောင်ရွက်ပေးနိုင်ကြောင်း ဦးစီးချုပ်ကဆက်လက်ပြောကြားသည်။စစ်ဥပဒေချုပ်ဒု-ဗိုလ် ချုပ်ကြီးရဲအောင်ကယင်းသို့ပြောင်းရွှေ့ခန့်ထား

ခြင်းသည် လို အပ်ချက် အရ တောင်းဆိုမှုများကို နိုင်ငံ့ဂုဏ်ထမ်းဥပဒေ ပုဒ်မ ၈(က)၊(ခ)၊နိုင်ငံ့ဂုဏ်ထမ်းနည်းဥပဒေ ပုဒ်မ ၂၃(က)၊(ခ)နှင့်ပုဒ်မ ၂၄(င)အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းသည်။ အောင်ခိုင်

http://www.7daydaily.com/story/46954

**Standard Army ဖြစ်ရေး တိုင်းပြည်ဘဏ္ဍာအပေါ်တွင်မူတည်ဟု ကာချုပ်ပြော**

22.9.2015

Standard Army ဖြစ်ရေး ကြိုးစားရာတွင် ရေတပ်စွမ်းရည်မြှင့်တင်၍ မြန်မာ့ပင်လယ်ပြင်ကာကွယ်နိုင်ရန်စွမ်းပကားရှိရန်လိုကြောင်း၊ စစ်ရေယာဉ်များကိုစွမ်းအားပြည့်သုံးစွဲနိုင်ရန်ကြိုးစားနေကြောင်း၊ရေတပ်သင်္ဘောများဝယ်ခြင်း၊ပြည်တွင်းတွင်တည်ဆောက်ခြင်းများ လုပ်ဆောင်နေကြောင်း၊ လေတပ်စွမ်းရည် မြှင့်တင်ရေးနှင့် ပတ်သက်၍ လေယာဉ်ဝယ်ယူခြင်းနှင့်ဆက်စပ်၍ Training ကိစ္စရပ်များ၊ Ground Facility၊ Maintenance ကိစ္စရပ်များပါ လိုအပ်၍ ကုန်ကျစရိတ်များကြောင်း၊ ထို့အတွက်နိုင်ငံတော်၏ဘဏ္ဍာငွေပေါ်တွင် များစွာမူတည်သည်ဟုကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ သတင်းသမား အား တွေ့ဆုံစဉ် ပြောကြား ခဲ့ သည်။ မြန်မာ့ တပ်မတော် အနေနှင့် နိုင်ငံတော် ကာကွယ်ရေး အတွက်သုံးနှစ်အတွင်း ရေငုပ်သင်္ဘောနှင့် လေယာဉ်များဝယ်ယူသွားမည်ဖြစ်ကြောင်းအစ္စရေးခရီးစဉ်တွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များ၊နည်းပညာနှင့် ပတ်သက်သော ကိစ္စရပ်များ၊စစ်ရေးနှင့် မပတ်သက်သည့် လေ့ကျင့်ရေး ကိစ္စရပ်များ၊နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေး ကိစ္စရပ်များကိုညှိနှိုင်းဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ ဆက်လက်ပြီးအမျိုးသမီးတစ်ဦးသမ္မတဖြစ်လာပါကလည်း ၎င်း အနေဖြင့် လက်ခံ ကြိုဆိုကြောင်းကာကွယ်ရေးဦးစီးချုပ်မှ သတင်းသမားများကို ခေါ်ယူ တွေ့ဆုံစဉ် ပြောဆို ကြောင်း AFP သတင်းတွင် ရေးသားထားသည်။

http://burma.irrawaddy.org/short-news/2015/09/22/95089.html

http://burma.irrawaddy.org/news/2015/09/22/95096.html

(Xinhua)
http://www.xinhuamyanmar.com

**DAW AUNG SAN SU KYI**

**ဒီချုပ်နှင့်တပ်မတော်အကြား သံသယများဖယ်ရှားပြီးပူးပေါင်းဆောင်ရွက်လိုသည်ဟုဒေါ်အောင်ဆန်းစုကြည်ပြောကြား**

**22.9.2015**

ဒီမိုကရေစီဖက်ဒရယ်ပြည် ထောင်စုကြီး၏ အနာဂတ်တည်ငြိမ် တောက်ပရေး လိုလားသည့်နေရာတွင် တပ်မတော်နှင့် ၎င်းတို့အကြား လုံးဝကွဲပြားမှုမရှိဟုယုံကြည်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။NLD နှင့် တပ်မတော်အကြား သံသယများဖယ်ရှားပြီး ပြည် ထောင်စု အရေး၊ ဒီမိုကရေစီအရေး အပြန်အလှန်ယုံကြည် လေးစားစွာ ပူးပေါင်းဆောင်ရွက်လိုကြောင်း ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှတစ်ဆင့်စက်တင်ဘာ ၂၁ ရက် ညတွင်နိုင်ငံတစ်ဝန်းယခုကဲ့သို့ ပြော ကြား ခဲ့ သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင် ဆင်ရေးတွင် တပ်မတော်၏ ကဏ္ဍမှာ အဓိကဖြစ်ပြီး တပ်မတော်၏ အမြင်နှင့် အဖွဲ့ ချုပ်၏အမြင်မှာ တစ်ထပ်တည်းမကျသော်လည်း ပြည်ထောင်စုတည်ငြိမ်ရေးလိုလားမှု၌ကွဲပြားခြားနားမှုမရှိကြောင်း ဒေါ် အောင်ဆန်းစုကြည် က ဆိုသည်။ အဖွဲ့ချုပ်သည် တပ်မတော်အား ဒီမိုကရေစီ စံနှုန်းစံထားများ နှင့် အညီတိုးတက်ခေတ်မီပြည့်စုံစွာ ပြည်သူများ လေးစား ချစ်ခင်မှုကြောင့် ကမ္ဘာ့အလယ် တင့်တယ်သောနိုင်ငံနှင့်ပြည်သူ

များလွတ်လပ်လုံခြုံအေးချမ်းရေးတို့အား အခိုင်အမာကာကွယ်ပေး မည့် နိုင်ငံ အားကိုးရသည့် အဖွဲ့ အစည်း ဖြစ်စေလို ကြောင်း ဒေါ် အောင်ဆန်းစုကြည်က ပြောကြား ခဲ့သည်။

http://7daydaily.com/story/46939

**ELECTION**

**ရွေးကောက်ပွဲ အနှောင့်အယှက်မပေးဟု KNPP အာမခံ**

21.9.2015

ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ KNPP အနေဖြင့် ရွေးကောက်ပွဲတွင် အနှောင့်အယှက် ပေးမည် မဟုတ်ကြောင်း စက်တင်ဘာလ ၁၄ ရက်နေ့က လွိုင်ကော်မြို့ ရဟန်းဖြစ်သင်ကျောင်း၌ ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲဆွေးနွေးပွဲတွင် လွိုင်ကော်မြို့မှ KNPP ဆက်ဆံရေးရုံးမှ တာဝန်ခံ ခူဗြေးရယ်ကအာမခံချက်ပေးသွားသည်။ ၂၀၀၈ အခြေခံဥပဒေ ကို KNPP အနေဖြင့် ကန့်ကွက်ထားသော်လည်း ယင်းကြောင့် မဲဆန္ဒရှင် ပြည်သူများကိုလည်း အဟန့်အတား ပြုလုပ်မည် မဟုတ်ကြောင်း မိမိတို့မဲထည့်ခွင့်မရသည်ကိုလည်း ကန့်ကွက်စရာမရှိကြောင်း ခူဗြေးရယ် ကပြောပါသည်။ KNPP အနေဖြင့် လာမည့်၂၀၁၅ ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်သွားမည်ဟုသိရသည်။ စိုင်းလင်းလင်းဦး

http://www.ktimes.org/index.php/news/1374-knpp-election

**PEACE/ARM CONFLICT**

**ကာချုပ်မှူ ၆ချက်လိုက်နာရင် မဲ့တစ်ပေါက် မစွန်းစေရ (ဦးအောင်မင်း)**

ကာချုပ်မှူ ၆ချက်

၁။ လူသစ်စုဆောင်းခြင်း၊ အင်အားတိုးချဲ့ခြင်းမပြုရ။
၂။ အခွန်ကောက်ခြင်းမပြုရ။
၃။ ခွင့်ပြုချက်မရဘဲ စခန်းအသစ်တည်ခြင်း၊ သွားလာခြင်းမပြုရ။
၄။ အစိုးရအုပ်ချုပ်ရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။
၅။ လူသတ်ခြင်းမပြုရ။
၆။ အစိုးရပြည်သူ့စစ်တပ်ဖွဲ့ကို ထိပါးခြင်းမပြုရ။

http://www.kamayutmedia.com/video/politics/5500

**တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် ၃ ဖွဲ့ တိုက်ပွဲ ဆက်တိုက်ဖြစ်**

22.9.2015

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် အစိုးရနှင့် (NCA) စာချုပ် ချုပ်ဆိုနိုင်ရေး ကြိုးပမ်းနေကြ သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၃ ဖွဲ့နှင့် တပ်မတော်တို့ အကြား တိုက်ပွဲများ ဆက်တိုက် ဖြစ်ပွားလျှက်ရှိသည်။ရှမ်း မြောက်ပိုင်းတွင်

အစိုးရ တပ်မတော်နှင့် (KIA)၊ ပလောင် (တအာင်း) (TNLA) တို့အကြား တိုက်ပွဲများ ရက်ဆက် ဖြစ်ပွားနေသကဲ့သို့ ရှမ်းတောင်ပိုင်းတွင်လည်း ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA) နှင့် တိုက်ပွဲများ ဖြစ်ပွား နေဆဲဖြစ် သည်။ KIA ဒု စစ်ဦးစီးချုပ် ဗိုလ်ချုပ် ဂွန်မော်က ယခု နှစ်ရက်၊ သုံးရက် အတွင်း တိုက်ပွဲများ နည်းနည်း ပိုများလာသည် ဟု ဧရာဝတီသို့ ပြောသည်။တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွား ပြီးနောက် အိုးအိမ်စွန့်ခွါ၍ တိမ်းရှောင်လာကြသည့် စစ်ပြေးဒုက္ခသည်များအား လူထုအခြေပြု အဖွဲ့များ (CSO) များမှ တာဝန်ယူ ဆောင်ရွက် ပေးလျက်ရှိ သည်။TNLA နှင့်အစိုးရတပ်မတော်တို့အကြား ကျောက်မဲ၊ မိုးမိတ်နှင့် ကွတ်ခိုင်မြို့နယ် များအတွင်း ၌ အခုလ ၁၉ ရက်နေ့က စတင်ပြီး တိုက်ပွဲများရက်ဆက်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီးတပ်မတော်မှကျဆုံးဒဏ်ရာစာရင်းမသိရသေးသော်လည်းၰင်းတို့ဘက်မှ၃ဦးဒဏ်ရာရရှိထားကြောင်း TNLA ဘက်က ပြောသည်။PSLF/TNLA အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီး မိုင်းဘုန်းကျော်က အစိုးရတပ်ဘက်က ပိုပြီး စိမ့်ဝင်လာသည့် အတွက်တိုက်ပွဲများပိုပြီးဆက်လာကြောင်းဧရာဝတီသို့ပြောသည်။ယခုလ ၁၆ ရက်နေ့တွင် ခိုလမ်မြို့နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် တပ်မတော်စစ်ကြောင်းများမှမြေပြင်၊ဝေဟင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ သည် ဟု RCSS/SSA မှ ပြောသည်။ကျော်ခ

http://burma.irrawaddy.org/news/2015/09/22/95109.html

http://www.bbc.com/burmese/burma/2015/09/150921_rcss_ssa_fighting

## မဘသ

### ပုသိမ် မဘသ၏ မျိုးစောင့်ဥပဒေ အောင်ပွဲ တိုင်းအစိုးရနှင့်ကြံ့ခိုင်ရေး ထောက်ပံ့ကူညီ

21.9.2015

**မဘသ** အဖွဲ့မှ ပုသိမ်မြို့တွင် စက်တင်ဘာလ ၂ဝ ရက်၌ ကျင်းပခဲ့သည့် မျိုးစောင့်ဥပဒေ အောင်ပွဲအား ဧရာဝတီတိုင်းဒေသကြီးအစိုးရနှင့်အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(ကြံ့ခိုင်ရေးပါတီ)တို့မှထောက်ပံ့ကူညီကြောင်း သတင်းရရှိ သည်။ ဧရာဝတီတိုင်း **မဘသ** အဖွဲ့မှ ဦးဆောင်ပြီး ပုသိမ်မြို့၊ ကိုးသိန်း အားကစား ကွင်း တွင် ကျင်းပသော မျိုးစောင့်ဥပဒေ အောင်ပွဲ အခမ်းအနား၏ ဟောပြောပွဲ အခမ်းအနား အပြင်အဆင် တို့ကို ပုသိမ်မြို့နယ်၊ စည်ပင်ဌာန မှ ဝန်ထမ်းများလုပ်ဆောင်ပေးရကြောင်းတိုင်းအစိုးရအဖွဲ့ထံမှသိရှိရသည်။အဆိုပါအခမ်းအနားသို့ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်၂၆ မြို့နယ်မှ မဘသအဖွဲ့ဝင်ရဟန်းသံဃာ**၃၂ဝဝ**ကျော်အပါအဝင်လူပေါင်း**၁၂ဝဝဝ**ကျော်တက်ရောက်ခဲ့ကြောင်း၊ ဧရာဝတီ တိုင်း ပြည်ခိုင်ဖြိုး အတွင်းရေးမှူး ဦးအောင်တင်မြင့် မှ ထို အခမ်းအနား သို့ တက် ရောက်ခဲ့ပြီး တိုင်း **မဘသ** ဦးဆောင် ဆရာတော်များ နှင့် ပူးတွဲ နေရာယူ၍ ရှိနေခဲ့ သည်။ တိုင်း **မဘသ** ဆရာတော်များလည်း အမျိုးစောင့် ဥပဒေ အောင်ပွဲအတွက် ကူညီပေးသည့် ဝန်ကြီးချုပ်ဦးသိန်းအောင်ကိုကျေးဇူးအထူးတင်ရှိကြောင်းအခမ်းအနားတွင်ထည့်သွင်း ပြောဆိုခဲ့သည်။

http://burma.irrawaddy.org/news/2015/09/21/95055.html

## မန္တလေးမြို့တွင် မဘသအဖွဲ့ဝင် သုံးသောင်းကျော် အောင်ပွဲခံ အင်အားပြ

22.9.2015

မျိုးစောင့်ဥပဒေ ကြိုဆို ထောက်ခံပွဲ အခမ်းအနားအား မန္တလေးမြို့တွင် **မဘသ** အဖွဲ့ (အထက်မြန်မာပြည်)မှ ဦးစီးပြီး မန္တလေးတိုင်းအတွင်း ရှိ သံဃာတော်၊ သီလရှင်နှင့် **မဘသ**အဖွဲ့ဝင်သုံးသောင်းကျော် စီတန်းလှည့်လည်ခြင်းပြုလုပ်ခဲ့သည်။ယခုကဲ့သို့ တိုင်းနှင့်ပြည်နယ်များတွင် အောင်ပွဲခံ အင်အားပြရခြင်းမှာမျိုးစောင့်ဥပဒေအားဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကင်းဝေးစေရန် ဖြစ်သည်ဟု ဆရာတော်ဦးဝီရသူက မိန့်ပါ သည်။ယခုကဲ့သို့တခဲနက်ထောက်ခံနေသည်ကို ကမ္ဘာမှသိစေချင်ကြောင်းထိုကဲ့သို့ အင်အားရှိသည်ကိုသိသွားမှသာမျိုးစောင့်ဥပဒေအားဖျက်လိုဖျက်ဆီးလုပ်မည့် အန္တရာယ်များမှကင်းမည်ဖြစ်သည်ဟုဆက်လက်မိန့်ကြားသည်။ အလားတူမျိုးစောင့်ဥပဒေအောင်ပွဲအခမ်းအနားများအား ရန်ကုန်၊ စစ်တွေ၊ စစ်ကိုင်း၊ ပဲခူးနှင့် မော်လမြိုင်မြို့များတွင် ပြုလုပ်ခဲ့ပြီး ကျန်မြို့ကြီးများတွင် လည်းဆက်လက်ပြုလုပ်သွားဦးမည်ဟု သိရှိရသည်။RFA Burmese

http://www.rfa.org/burmese

http://www.thithtoolwin.com/2015/09/blog-post_456.html

### OTHER

### "မကွဲ ကွဲအောင် လုပ်တယ် "

မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး

**Myanmar Facebook**

နိုင်ငံရေးပယောဂဆိုတာ နိုင်ငံရေးချည်းမထင်နဲ့၊အုပ်ချုပ်သူလူတန်းစား ပါကောင်းပါလိမ့်မယ်၊ ဟုတ်လား၊ဒီအုပ်ချုပ်သူလူတန်းစား ဆိုတာ စည်းစည်းလုံးလုံး နဲ့ ညီညွတ်နေတာ အင်မတန် ကြောက်တာပေါ့၊ ကွဲပြားမှ၊ ဒါက ဗြိတိသျှ အစိုးရအုပ်ချုပ်ခဲ့တာဒီအတိုင်းပဲကွ၊ဟုတ်လား၊မကွဲ ကွဲအောင် လုပ်တယ်၊အေး ဗမာပြည် အစိုးရအဆက်ဆက်ဒီအတိုင်းပဲကွ၊ မကွဲ ကွဲအောင်သူတို့က လုပ်မှာ။ဘယ်ကိစ္စမျိုးမဆို ညီညွတ်ရင်တိုးတက်တာပဲ၊ညီညွတ်ရေးဆိုတာအင်မတန်လိုတယ်၊ မင်းတို့ တောအရပ် တွေမှာလဲ ကိုယ့်ဇာတိ ကျေးရွာအဲဒါ လူထုညီညွတ်အောင် တရားဟော၊ ရွာသူရွာသားအချင်းချင်း ဘယ်သူက ဘယ်လိုလာပြီးတော့ ကုန်းတိုက်ကုန်းတိုက် ဒို့ ရွာသူရွာသားအချင်းချင်း ညီညီညွတ်ညွတ်နေမယ်၊ အဲဒီလို သဘောထားရတယ်၊တခါတရံလဲပဲ အစိုးရက မတည့်အောင် လုပ်တာရှိတယ်၊ အဲဒါတွေကို ကိုယ်က နားလည်ရတယ်၊ ဒါ တမင်သက်သက်ဒို့ကျေးရွာသူကျေးရွာသားတွေကို သွေးခွဲပေးနေတာ၊ အဲသလို နားလည်ရတယ်၊အဲဒီတော့ သွေးခွဲပေးတာ နားလည်လို့ရှိရင် ဘာမညီညွတ်စရာ လိုတုန်း၊အဲဒီလို ညီညွတ်ရေးဆိုတာ အင်မတန် အရေးကြီးတယ်၊မင်းတို့ ကိုယ်တိုင်က ဒကာဒကာမတွေကို ကျဉ်းမြောင်းတဲ့စိတ်ဓာတ်ရှိရင် တရားဟောရမှာ၊ကိုယ်ကိုယ်တိုင်တရားဟောရမယ့် ပုဂ္ဂိုလ်တွေကကျဉ်းမြောင်းတဲ့ စိတ်ဓာတ်တွေ ထားနေရင်ဒီနိုင်ငံ ဘယ်မှာ ဖွံ့ဖြိုးတိုးတက်မလဲ? အဲဒါ မှတ်ထား။

မစိုးရိမ်တိုက်သစ်ကြီးများ၏အဓိပတိမဟာနာယကချုပ်ဆရာတော်

ကျေးဇူးတော်ရှင် **ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ**

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊

မန္တလေးတိုင်းဒေသကြီး

**တက္ကသီလဘုန်းကြီးကျောင်း ဖြစ်စဉ်ကို ထိရောက်စွာ စုံစမ်းဖော်ထုတ်မည်ဟု တာဝန်ရှိသူပြော**

**22.9.2015**

ရခိုင်ပြည်နယ် မြောက် ဦးမြို့ တက္ကသီလ ဘုန်းကြီး ကျောင်းမှ ဖြစ်စဉ်ကို ဥပဒေနှင့် အညီ ရဲတပ်ဖွဲ့က ထိထိရောက်ရောက် စုံစမ်းဖော်ထုတ်နိုင်ရန် တာဝန်ရှိသူများက အလေးထား ဆောင်ရွက်နေကြောင်း သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးက ၎င်း၏ Facebook တွင် ရေးသား ထားသည်။တက္ကသီလ ဘုန်းကြီးကျောင်းမှ သက်တော်(၅၆)နှစ်ရှိ ရဟန်းတစ်ပါး စက်တင်ဘာ ၂၁ ရက်က ကျောင်းဝင်းအတွင်း၌ လည်ပင်းတွင် ပြတ်ရှ‌ဓား ဒဏ်ရာဖြင့် အသတ်ခံရပြီး ပျံလွန်တော်မူနေခြင်းဖြစ်ကြောင်းရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။အဆိုပါရဟန်းပျံလွန်ခြင်း နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်း စစ်ဆေး နေပြီး အတိအကျ မပြော ကြား နိုင်သေးကြောင်း၊ နိုင်ငံ အတွက် အရေးကြီး သော ရွေးကောက် ပွဲနီးကပ်လာချိန်တွင် ဥပဒေနှင့် အညီ ထိထိရောက်ရောက် စုံစမ်း ရှာဖွေဖော်ထုတ်နိုင်ရန် အလေး ပေး ဆောင်ရွက် နေကြောင်း၊ ကောလာဟလများ မဖြန့်ဖြူးရန် နှင့် စိတ်အေးအေး ထားရန် သမ္မတ ရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးက ၎င်း၏ Facebook တွင် ရေးသား ထားသည်။ မောင်ကံ

http://7daydaily.com/story/46952

**အထူးဒေသဘက် စပါးရောင်းချခွင့် ဒေသခံ အာဏာပိုင်များ ပိတ်ပင် ကျိုင်းတုံလယ်သမားများ အခက်တွေ့**

22.9.2015

သျှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ အစိုးရ အာဏာပိုင်များက လယ်သမားများအား အထူး ဒေသ ၄ မိုင်းလား နှင့် အထူး ဒေသ(၂) 'ဝ' ဒေသဘက်သို့စပါးသယ်ဆောင်ရောင်းချခွင့်ပိတ်ပင်ထားသည့်အတွက်ဒေသခံလယ်သမားများအခက်တွေ့ နေသည် ။ထိုသို့ ဆန်စပါးတင်ပို့ရောင်းချခွင့်ပိတ်ပင်သည်မှာလွန်ခဲ့သည့်ဂျွန်လကစပြီးယနေ့တိုင်ဖြစ်သည်ထို့ပြင်စစ်ဆေး တွေ့မိပါက ဖမ်းဆီး အရေးယူမည် ဖြစ်ကြောင်း ပြောဆိုပါ သည် ။ ကျိုင်းတုံ လယ်သမားများ အား မိုင်းလားသို့ စပါးပို့ခွင့် မပေး သကဲ့သို့ မိုင်းယောင်းဘက်တွင်လည်း မိုင်းယု-မိုင်းလားဘက်သို့ စပါးပို့ရောင်းခွင့်မပေးကြောင်း၊ထို့အတူ မိုင်းခတ်၊ မိုင်းယန်း ဘက်မှ အထူးဒေသ (၂) ဝ ဒေသဘက်သို့လည်း သယ်ယူ ရောင်းချခွင့် မပေး ကြောင်း၊သိ၍ဖြစ်စေ မသိ၍ဖြစ် စေ သယ်ဆောင် သွားသူများ စပါး အသိမ်းခံရသည်များ လည်း ရှိကြောင်း ၊ထိုသို့ပိတ်ပင်ထားခြင်းမှာ စပါးများကို ဝ နှင့် မိုင်းလားမှ တဆင့် ကိုးကန့် ဘက်သို့ ပို့ဆောင်ရောင်းချမည် ကို စိုးရိမ်မှုကြောင့်ဖြစ်သည်ဟု လည်းကျိုင်းတုံ အာဏာပိုင် နှင့်နီးစပ်သည့် ဆန်ကုန်သည်များ ပြောပြချက်အရ သိရသည် ။သျှမ်းသံတော်ဆင့်

https://www.facebook.com/Panglong.burmese

http://www.thithtoolwin.com/2015/09/blog-post_184.html

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။